**ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း**

**အတွဲ(၂)၊ အမှတ်(၄)၊ ဖေဖော်ဝါရီ ၂၀၁၈**

Burma Monitor
Research & Monitoring

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၃ ရက်နေ့မှ ဖေဖေါ်ဝါရီလ ၂၈ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်းများအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင် နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေးရက်စွဲစဉ်မှတ်တမ်းများနှင့် လအလိုက်သုံးသပ်ချက် အနှစ်ချုပ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန်နှင့် အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## လက်နက်ကိုင်ပဋိပက္ခ

ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နေ့လည်ပိုင်း နှင့် ၁၅ ရက် နံနက်ပိုင်းတို့တွင် သိန်းနီမြို့နယ် ကောင်းကော်ကျေးရွာ အုပ်စု ဟိုဆော်ဟိုမွန်ရွာအနီး၌ မြန်မာ့တပ်မတော်နှင့် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့ (NAB) တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ (Irrawaddy)

ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် မြောက်ပိုင်း သိန်းနီမြို့နယ်အတွင်းမြန်မာ့တပ်မတော်နှင့် မြောက်ပိုင်း မဟာမိတ်တပ်မတော်(NAB) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (Irrawaddy)

ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်၌ မြန်မာ့တပ်မတော်နှင့် တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA တို့ တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ နမ္မတူမြို့နယ်၊ နမ့်ပန်လေးကျေးရွာအနီးတွင် (TNLA) တပ်ရင်း(၈၇၆) နှင့် မြန်မာ့တပ်မတော် ပူးပေါင်း စစ်ကြောင်း ခမရ(၃၂၄) နှင့် ခလရ ၆၉ တို့ နံနက် ၇ နာရီမှ ၇ နာရီ ၄၀ မိနစ်အထိ တိုက်ပွဲ တစ်ကြိမ် ဖြစ်ပွားခဲ့ပြီး၊ နားပြိန်းကျေရွာအနီးတွင်လည်း ထပ်မံ၍ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA) (NAB)

ဖေဖေါ်ဝါရီလ ၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့၌ မြန်မာ့တပ်မတော်နှင့် တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA တို့ တိုက်ပွဲ နှစ်ကြိမ် ဖြစ်ပွားခဲ့သည်။ နမ့်ခမ်းမြို့နယ်၊ စံကားရွာနှင့် မန်စပ် (မာန်စာက်)ရွာကြားတွင် (TNLA) တပ်ရင်း (၄၇၈)၊ တပ်ရင်း(၅၇၁)နှင့် မြန်မာ့တပ်မတော် တပ်မ(၈၈)တို့ နံနက်ပိုင်း ၉နာရီမှ ၉နာရီ ၄၀ မိနစ် အချိန်ထိ တိုက်ပွဲဖြစ်ပွားခဲ့ပြီး၊ နမ္မတူမြို့နယ်၊ နာလင်းရွာအနီးတွင်လည်း TNLA ၏ တပ်ရင်း (၈၇၆)နှင့် မြန်မာ့တပ်မတော် ပူးပေါင်းစစ်ကြောင်းဖြစ်သည့် စကခ လက်အောက်ခံ ခလရ (၆၉)/ ခမရ (၃၂၄)တို့ မွန်းလွဲပိုင်း ၁ နာရီမှ ၁ နာရီ ၂၀မိနစ် အချိန်ထိ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA) (NAB)

ဖန်နဝါရီလ ၁၉ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ ပန်စပ်ကျေးရွာနှင့် ကျောက်မြန်း ကျေးရွာကြား၌ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင်း (၄၄၇) နှင့် မြန်မာ့တပ်မ တော်တို့ ညနေပိုင်း ၄နာရီမှ ၄နာရီ ၅၀ မိနစ် အချိန်ထိ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် မြန်မာ့တပ်မတော်ဘက်မှ တပ်သား ၃ ဦး ကျဆုံးခဲ့သည် ဟု TNLA မှ သတင်း ထုတ်ပြန်ခဲ့သည်။ (TNLA) (Popular)

ဖေဖော်ဂါရီ ၂၄ ရက် နေ့ လယ် ၁ နာရီခန့်က မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်း၊ မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေအတွင်း၌ ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၊ လက်အောက်ခံ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ (၆) လက်အောက်ခံ တပ်ရင်း ၁၆ တပ်ဖွဲ့ဝင် များနှင့် မွန်ပြည်သစ်ပါတီအဖွဲ့ဂင်များ ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ " ကျနော်တို့ လူတွေ ထမင်းစားနေတုန်း မွန်ပြည်သစ်ပါတီက လာချောင်းပစ်သွားတာ။ ပြန်ခုခံပစ်ပြီးတော့ ကျည်ကုန်သွားလို့ တစ်ယောက်ပြန်ပြေးလာတယ်။ ကျန် ၃ ယောက်က သေလား၊ ရှင်လား မသိရသေးဘူး ပျောက်နေတယ်" ဟု KNU တပ်ရင်း ၁၆ ဌာနချုပ်၊ တပ်ခွဲမှူး ဗိုလ်ကြီးစောဘိုဘိုထွန်းက ပစ်ခတ်မှုနှင့် ပတ်သက်ပြီး ပြောဆိုခဲ့သည်။ မွန်ပြည်သစ်ပါတီ ပြည်တွင်း တာဝန်ခံနိုင်ဂင်းလှက "သစ် ခိုးထုတ်တဲ့ကိစ္စ ကြောင့် ပစ်ခတ်ကြတယ်။ ပစ်ခတ်မှုက အနည်းအကျဉ်းပဲ။ နှစ်ဦးနှစ်ဖက်အသေအပျောက်တော့မရှိဘူး" ဟု ပြောဆိုခဲ့သည်။ ထို့အပြင် ဇန်နဂါရီ ၁၂ နှင့် ၁၃ ရက် က မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေတွင် လူအင်အား ၅၀ ခန့် ရှိသည့် သစ်မှောင်ခိုဂိုဏ်းတစ်ခု ကို မွန်ပြည်သစ်ပါတီက ဖမ်းဆီး ခဲ့ပြီး ဆင်များ၊ လက်ကိုင် သစ်ခွဲလွှစက်များ၊ သစ်နှင့် သစ်ခွဲသားများ၊ ခုတ်လှဲပြီး သစ်များသိမ်းဆည်းရမိကြောင်း မွန်ပြည်သစ်ပါတီမှ တာဂန်ရှိသူများကဆိုသည်။ ယခု သစ်ခိုးထုတ်သူများ သည် ယခင်လက ဖမ်းဆီး ထားသော အဖွဲ့များဖြစ်ကြောင်း နိုင်ဂင်းလှက ပြောဆိုခဲ့သည်။ ( 7 Day ) (KIC)

ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ် ကွမ်ဟယ်ကျေးရွာအုပ်စု လွယ်လမ်တောင်၌ တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင်း (၆၆၆) နှင့် မြန်မာ့တပ်မတော် တပ်မ (၇၇) လက်အောက်ခံတပ်ရင်း ခမရ(၃၁၃) တို့ နံနက် ၇ နာရီ မိနစ်၄၀ ခန့်မှ နံနက် ၈ နာရီအထိ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA) (NAB)

ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ကျောင်းပိုင်းကျေးရွာအရှေ့ဘက် တောင်ကုန်းတွင် တအောင်းလွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် တာမိုးညဲအခြေစိုက် မြန်မာ့တပ်မတော် တို့ နေ့လည် (၂:၄၇)နာရီမှ (၄:၀၀)နာရီထိ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA)

## လူ့အခွင့်အရေးချိုးဖောက်မှု

RCSS ၏သတင်းကို မပေး၍ဆိုကာ မြန်မာ့တပ်မတော်မှ ဇလကျော်ကြာ ဖမ်းဆီးထိန်းသိမ်းထားသည့် ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးလက်ရွာသား ၈ ဦးအား ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် ဟိုပုံးမြို့နယ်တရားရုံး၌ အပြီးသတ် အမိန့်ချမှတ်သွားမည်ဟု ရှေ့နေစဝ်မြဝတီမှ သျှမ်းသံတော်ဆင့်သတင်းဌာနသို့ ပြောခဲ့သည်။ (Shan News)

ဖေဖော်ဝါရီလ ၂၃ ရက်နေ့ ည ၈:၁၅ အချိန်တွင် သျှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် လဲသက်အုပ်စု ကုန်းကျောင်းရွာ၌ ပအိုးဝ်ပြည်သူ့စစ်(PNO) အဖွဲ့မှ အင်အား ၆ ဦးသည် ကုန်းကျောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်း တောင်ဘက်ရှိ လုံးထီး + ပါလမ်တို့၏ နေအိမ်သို့ သွားရောက်ကာ ခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ခြင်းများ ပြုခဲ့သည့် အပြင် တန်ဖိုးရှိပစ္စည်းများနှင့် ငွေသား၁၃ သိန်းအား သိမ်းယူသွားခဲ့ပြီးနောက် အုပ်ချုပ်ရေးမှူးမှ အာမခံပေးခဲ့သောကြောင့် ညနေပိုင်းတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း ရှမ်းပြည်ပြည်လည်ထူထောင်ရေးကောင်စီ (RCSS) ပိုင် သတင်းဌာနဖြစ်သော Taifreedom မှ သတင်းတင်ပြခဲ့သည်။ (Taifreedom)

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် တောင်ကြီးမြို့နယ် မွေတော်အုပ်စု ပန်ကွဲကျေးရွာမှ ဟိုပုံးမြို့နယ် မိုင်းပျဉ်းအုပ်စု နမ့်ခါလောင်း ကျေးရွာ ဒေသတစ်ဝိုက်၌ ပအိုးဝ်ပြည်သူ့စစ် (PNO) အဖွဲ့မှ အင်အားအများအပြားဖြင့် စောင့်ကြပ်လျှက်ရှိပြီး ထိုဒေသတွင်း သွားလာသည့် ကား၊ ဆိုင်ကယ်များအား စစ်ဆေးပြီး ဒေသခံများ တင်ဆောင်လာသော ကုန်ပစ္စည်းများကိုပါ ယူဆောင်မှုများ ပြုလုပ်ခဲ့ကြောင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ပိုင် Taifreedom မှ သတင်းတင်ပြခဲ့ သည်။ (Taifreedom)

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကချင်ပြည်နယ် တနိုင်းဒေ မိုင်းခွန်မော်နှင့် ထန်းပလား မော်တို့တွင် ပယင်းတူးနေသော မော်လုပ်သားများအား မြန်မာ့တပ်မတော်မှ ၂၇ ရက်နေ့ အပြီးထား၍ ထွက်ခွာပေးရန် စာပို့ထားကြောင်း အမည်မဖော်လိုသူ အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူ တဦးမှ ပြောခဲ့သည်။ (Popular)

## စစ်ဘေးရှောင်

မြန်မာ့တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ်တပ်မတော်တို့ ဖေဖေါ်ဝါရီ ၆ရက်နေ့က ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် မိုင်းယုလေးကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်နေရသည့် ဝေ့ါငါး ကျေးရွာဒေသခံ ၅၀၀ ကျော်သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် နေရပ်သို့ပြန်လည်ထွက်ခွာခဲ့သည်။ (Marnagar News) (Popular) (Popular)

ဖေဖေါ်ဝါရီလ ၁၅ရက်နေ့တွင် မြန်မာ့တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ်တပ်မတော်တို့ ဖြစ်ပွားခဲ့သော တိုက်ပွဲကြောင့် ရှမ်းတိုင်းရင်းသား မျိုးနွယ်စုတွင် ပါဝင်သည့် မြောင်ဇီးလူမျိုး ၁၄၆ ဦးသည် ကောင်းကော်ကျေးရွာ ဘက်သို့ တိမ်းရှောင်ခဲ့ကြောင်း သိန်းနီ မြို့နယ် မဲဆန္ဒနယ်မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်လှုမှ ပြောသည်။ (Irrawaddy)

မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်တို့အကြား တိုက်ပွဲကြောင့် မီဖိုရမ်ပြည်နယ် လောင်တလိုင်မြို့နယ်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် စစ်ဘေးဒုက္ခသည်ပေါင်း ၁၀၀၀ ကျော်သည် လုံခြုံမှု မရှိသေးသောကြောင့် နေရပ်မပြန်နိုင်သေးကြောင်း ကူညီပေးနေသူတစ်ဦးမှ ဖေဖေါ်ဝါရီလ ၂၁ရက်နေ့တွင် ပြောကြားခဲ့သည်။ ။ (Khonumthung)

တနိုင်းမြို့ရှိ ဘာသာရေးခေါင်းဆောင်တဦးမှ "ကချင်ပြည်နယ် တနိုင်း ဒေသတွင် တပ်မတော်နှင့် ကချင် လက်နက်ကိုင်အဖွဲ့ (KIO/KIA) တို့အကြား စစ်ရေးတင်းမာမှုကြောင့် မြို့ပေါ်ရှိ ဘာသာရေး ကျောင်းများ၌ နေထိုင်နေသော စစ်ဘေးရှောင်များသည် ခြောက်လကျော်ကြာသည်အထိ နေရပ် သို့ ပြန်နိုင်ခြင်း မရှိသေးကြောင်း၊ မော်လုပ်သားများ နေရပ်ပြန်ကြသော်လည်း ထိုဒေသတွင်း နေထိုင်သော ဒေသခံ ၉၀၀ ကျော်သည် စစ်ရှောင်စခန်းတွင်သာ စစ်ရှောင်နေရကြောင်း၊ စစ်ရှောင်စခန်းအား မေတ္တာဖောင်ဒေးရှင်း၊ ကရုဏာ လူမှုရေးအသင်းစသည့် NGOs အဖွဲ့အစည်းများမှ ဆန်၊ ဆီ ကူညီထောက်ပံ့နေကြောင်း" ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပြောခဲ့သည်။ (7day)

မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်နှင့်ပဋိပက္ခတွေကြောင့် ဖြစ်ပေါ်လာသည့် စစ်ဘေးရှောင်ဒုက္ခသည်စခန်း (IDP Camp) ၁၄၁ ခုရှိသည်ဟု လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်စခန်း ၉၂ ခု၌ စစ်ဘေးရှောင်အိမ်ထောင်စု ၈၀၀၀၊ ရှမ်းပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်စခန်း ၂၈ ခု၌ စစ်ဘေးရှောင်အိမ်ထောင်စု ၁၅၀၀ ကျော်၊ ကရင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်စခန်း ၂ ခု၌ စစ်ဘေး ရှောင်အိမ် ထောင်စု ၁၀၀၀ ခန့် ခိုလှုံလျက်ရှိသည်။ (Popular)

ကချင်ပြည်နယ် တနိုင်းဒေသတွင် မြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်မတော်(KIO/KIA) တို့အကြား စစ်ရေးတင်းမာမှု ကြောင့် မြို့ပေါ်ရှိ ဘာသာရေး ကျောင်းများ၌ နေထိုင်နေသော စစ်ဘေးရှောင်များသည် ခြောက်လကျော်ကြာသည်အထိ နေရပ်သို့ ပြန်နိုင်ခြင်း မရှိသေးကြောင်း တနိုင်းမြို့ရှိ အရေးပေါ်ခရစ်ယာန် ဂိုဏ်းပေါင်းစုံ ကယ်ဆယ်ရေးကော်မတီ တာဝန်ရှိသူများမှ ပြောသည်။ (7Day)

## မြေမြှုပ်မိုင်း

ဖေဖော်ဂါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်နေ ဒေသခံတစ်ဦးသည် တိုက်မိုင်းတစ်လုံးထိမှန်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သည်။ (Military)

ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ ဝမ်းပလာကျေးရွာနေ ဒေသခံတစ်ဦးသည် တိုက်မိုင်းတစ်လုံးထိမှန်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သည်။ (Military)

ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ ပိန်းဆပ်ကျေးရွာမှ ဒေသခံနှစ်ဦးသည် တိုက်မိုင်းတစ်လုံးထိမှန်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သည်။ (Military) (MOI)

**ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက် ၂၊ လမ်းမတော်လမ်းနှင့် ရွှေဘိုလမ်းဆုံရှိ ရိုးမဘဏ်ခွဲတွင် မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ဘဏ်ဝန်ထမ်း နှစ်ဦး သေဆုံးခဲ့ကာ၊ ၂၂ ဦး ဒဏ်ရာ ရရှိခဲ့သည်။** (Military) (ShanNews) (Military) (Irrawaddy) (Frontier) (BBC) (RFA) (Marnagar) (Marnagar) (TheLadies) (7day) (DVB) (DVB) (VOA) (Popular) (Popular) (MOI)

ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မွန်းလွဲ ၁၂ နာရီတွင် ရှမ်းပြည်နယ်လောက်ကိုင်မြို့နယ် တာစင်ကျိုင်းကျေးရွာမှ ဒေသခံနှစ်ဦးအား မြေမြုပ်မိုင်း ထိမှန်ခဲ့သဖြင့် တစ်ဦးသေဆုံးကာ၊ တစ်ဦး ဒဏ်ရာ ရခဲ့သည်။ (MOI)

ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဝါရာဇုပ်ကျေးရွာအုပ်စု၊ ရှုဒူဇုပ်ကျေးရွာမှ ဒေသခံနှစ်ဦးသည် နင်းမိုင်းတလုံးအား နင်းမိပေါက်ကွဲသဖြင့် ဒဏ်ရာများရရှိခဲ့သည်။ (Military)

ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ကချင်ပြည်နယ်၊ တနိုင်းမြို့၊ မိုင်ခွန်ကျေးရွာမှ ဒေသခံနှစ်ဦးသည် ထောင်မိုင်းတစ်လုံး ထိခိုက်ခဲ့သဖြင့် ဒဏ်ရာများ ရရှိခဲ့သည်။ (Military)

**ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မောင်ဆွေနေအိမ် အနောက်ဘက်ခြံစည်းရိုးနေရာ၊ စစ်တွေမြို့နာရီစင်အနီး ပြည်နယ်တရားလွှတ်တော်ချုပ်ရုံးအနီးနှင့် ပြည်နယ်မြေစာရင်းရုံးအနီး နေရာတို့၌ ရိမုဒ်မိုင်းသုံးလုံး ပေါက်ကွဲခဲ့ပြီး အများပြည်သူသွားလာနေသော နေရာ ၃ နေရာတွင်လည်း မပေါက်ကွဲ သေးသော ဗုံးများ တွေ့ရှိခဲ့ကြောင်း ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး အောင်မြတ်ဟိန်းမှ ပြောခဲ့သည်။ အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရှိသူ ၂ ဦးအား စစ်တွေဆေးရုံသို့ တင်ထားခဲ့ရသည်။** (7day) (Narinjara) (Popular) (RFA) (BBC) (Frontier) (Irrawaddy) (Military) (MOIENG) (MOI) (7day) (mmtime)

ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက် ၉ နာရီတွင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ ခွန်ဆိုင်ယန်ကျေးရွာမှ ဒေသခံတစ်ဦးသည် ထောင်မိုင်းတစ်လုံး ထိမှန်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သည်။ (Military)

ဖေဖော်ဂါရီ ၂၅ ရက်နေ့ ည ၁၁ နာရီခွဲ အချိန်ခန့်တွင် မူဆယ်မြို့၊ မိုင်းယုကျေးရွာ၊ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၊ နယ်မြေ ၃၊ ကမ္ဘောဇ သိန္နီသီလရှင်ကျောင်းတိုက်အနီးနား လမ်းဆုံ၌ လက်လုပ်အသံမိုင်းတစ်လုံးပေါက်ကွဲခဲ့သည်။ (7day) (Popular)

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ သပြေညွန့်ကျေးရွာမှ ဒေသခံသုံးဦးသည် မြေမြုပ်မိုင်းထိမှန်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သည်။ (Military)
ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မိုင် ခွန်ကျေးရွာနေ ဒေသခံတစ်ဦးသည် တိုက်မိုင်းတစ်လုံးထိမှန်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သည်။ (Military)

ဖေဖော်ဝါရီလ ၂၆ ရက်နေ့ ညနေပိုင်းတွင် ကချင်ပြည်နယ် ပန္နက်ရွာ၌ မိုင်းပေါက်ကွဲ၍ ဒေသခံတစ်ဦး မိုင်းစထိမှန်သေဆုံးခဲ့သည်။ (Military)

## တွေ့ဆုံဆွေးနွေးမှု

အပစ်ရပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်များ (NCA-S EAO) နှင့် ငြိမ်းချမ်းရေး ကော်မရှင်တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးရာတွင် ပါဝင်သူ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ပြောခွင့်ရပုဂ္ဂိုလ် ဦးခွန်မြင့်ထွန်းက " **ဖေဖော်ဝါရီ နောက်ဆုံးပတ်အတွင်းပြုလုပ်ရန်ရှိနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် တတိယအကြိမ် ပင်လုံကျင်းပရေးကိစ္စ အဓိကထား ဆွေးနွေးဖြစ်ဦးမည်မဟုတ်ကြောင်း"** ပြောခဲ့သည်။ (Mizzima)

## အစည်းအဝေးများ

### JICM

ဖေဖော်ဝါရီ ၂၈ ရက်နေ့ မွန်းလွဲ၂နာရီတွင် နေပြည်တော်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ထိုသို့ပြောကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်မှ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား အစိုးရမှ ကြားဝင်ညှိနှိုင်းပေးနိုင်ရေးသည် ညှိနှိုင်းခံရမည့်သူများက ညှိနှိုင်းခံရန်လိုအပ်သကဲ့သို့ စကားနားထောင်ရန်လည်း လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ (7Day) (Popular) (Mizzima)

### UPDJC

NCA တွင် လက်မှတ်ရေးထိုးလိုက်သည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့ အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရန်ကိစ္စကို လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် ဆွေးနွေးဖြစ်မည်ဟု UPDJC အတွင်းရေးမှူးအဖွဲ့ဝင်ဦးမင်းဇေယျာဦးမှ ပြောခဲ့သည်။ (TheLadies)

အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပနိုင်ရန် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများ အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် NCA လက်မှတ်ရေးထိုးပြီး မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) မှ ကိုယ်စားလှယ်ကိစ္စ ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေး အတွက် လုပ်ငန်းကော်မတီ နှင့် လူထုတွေ့ဆုံပွဲတို့အပြင် UPDJC

Agenda ကိစ္စများကိုပါ ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ အစိုးရဘက်မှ ကိုယ်စားလှယ် ၅ ဦး ၊ အရပ်သားကိုယ်စားလှယ် ၆ ဦး ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းမှ ကိုယ်စားလှယ် ၈ ဦး တက်ရောက်ခဲ့သည်။ (Taifreedom) (RFA) (MOI)

ဖေဖော်ဝါရီလ ၂၇ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် NRPC ရုံး၌ စတင်ကျင်းပသည့် ၁၄ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC) အစည်းအဝေးသို့ NMSP နှင့် LDU အဖွဲ့တို့ ပထမဆုံးအကြိမ် ပါဝင်တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် မွန်ပြည်သစ်ပါတီ (NMSP) မှ ဦးဆောင်ပြုလုပ်မည့် မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မွန်ပြည်နယ် ရေးမြို့ တွင် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ (KachinNew) (RFA) (MOI) (SC Office) (TheLadies)

**NCA EAOs**

ဖေဖော်ဝါရီ၁၇ရက်နေ့တွင် တောင်ကြီးမြို့၌ ပြုလုပ်သည့် ပအိုဝ်းလူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းကော်မတီ အစည်းအဝေးကို ပြုလုပ်ခဲ့ပြီး PNLO ပအိုဝ်းအဖွဲ့ အပါအဝင် ပအိုဝ်းလူမှုအဖွဲ့အစည်းများနှင့် ပအိုဝ်းနိုင်ငံရေး ပါတီတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးမှ ရရှိခဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ သဘောထား စုစည်းချက်များကို စာအုပ်ထုတ်ဝေပြီး ပအိုဝ်းလူမျိုးများအား ဖြန့်ဝေမည်ဟု ပအိုဝ်းအဖွဲ့ (PNLO) အတွင်းရေးမှူး ခွန်ထွန်း တင်မှပြောခဲ့သည်။ (7Day)

ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ပထမအကြိမ် ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၊ NMSP ဒုဥက္ကဋ္ဌ နိုင်ဟံသာတို့ အပါအဝင် NCA လက်မှတ်ထိုးအဖွဲ့များမှ ခေါင်းဆောင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ (MyanmarTime) (7Day) (TheLadies) (Irrawaddy) (RFA) (TheLadies) (Mizzima) (ShanNew)

ဖေဖော်ဝါရီ (၁၉) ရက်နေ့တွင်  ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ (NCA) လက်မှတ်ရေး ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် NCA လုပ်ငန်းစဉ် ဆက်လက်အကောင် အထည်ဖော်ရေး ဆွေးနွေးခဲ့ပြီး၊ NCA တွင် လက်မှတ်ရေးထိုး လိုက်သည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့အား ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တွင် တရားဝင်ထည့်သွင်းရန် ကိစ္စကို အစိုးရနှင့် အမြန်ဆုံးညှိနှိုင်းမည်ဟု ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO) နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာမှ ပြောခဲ့သည်။  (RFA) (TheLadies) (Mizzima)

ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် RCSS/SSA ၏ ဒုတိယအကြိမ် ကွန်ဂရက်အား RCSS ဌာနချုပ် လွယ်တိုင်းလျန်းတွင် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ထိ ပြုလုပ်ခဲ့ပြီး RCSS/SSA ၏ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီးယွတ်စစ်အား ပြန်လည် မဲပေး ရွေးချယ်ခဲ့သည်။ (Popular) (7day)

**UNFC**

ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မှ ၂၅ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC ၏ ပုံမှန်အစည်းအဝေးကို စတင်ပြုလုပ်ခဲ့ပြီး အစည်းအဝေး ပထမနေ့တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ် ပါတီ (LDU) တို့ နှုတ်ထွက်ခွင့်တောင်းဆိုထားခြင်းနှင့် ပတ်သတ်၍ ဆွေးနွေးခဲ့သည်။ (Mizzima) (NMG) (7day)

ဖေဖော်ဂါရီ ၂၈ ရက်နေ့တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဌာနချုပ်၌ အရေးပေါ်အစည်းဝေးတရပ်ကျင်းပနေသည်ဟု KNPP ဆက်ဆံရေးရုံး တာဝန်ခံ ခူရေးရယ်မှ ပြောသည်။ အစည်းအဝေးအပြီးမှသာ အစိုးရ နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့အကြား အပစ်အခတ်ရပ်စဲရေး လက်မှတ် ရေးထိုးရေး သီးသန့်ဆွေးနွေးရန် မတ်လဆန်းတွင် စီစဉ်ထားသည်ကို တိတိကျ ကျသိရမည်ဟု ခူရေးရယ်မှ ပြောသည်။ (Mizzima)

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

### EAOs

ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည့် NCA-S EAO များ၏ လုံခြုံရေးကဏ္ဍဆိုင်ရာ ကြိုတင်ပြင်ဆင်နိုင်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲတွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAO)၏ လုံခြုံရေး ကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ပဋိပက္ခအလွန် ကာလများတွင် တပ်များစုဖွဲ့သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဟု ပအိုဝ်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO) နာယက ဗိုလ်မှူးကြီး ခွန်ဥက္ကာမှ ပြောခဲ့သည်။ (TheLadies)

### CSOs

ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် ကရင်ပြည်နယ် သံတောင်မြို့နယ် ကနစိုးပင်ကျေးရွာ၌ ငြိမ်းချမ်းရေး လူထုဆွေးနွေးပွဲတစ်ရပ်ကို စစ်တောင်းသံစဉ် လူမှုကွန်ရက်အဖွဲ့က ပြုလုပ်ခဲ့ပြီး၊ ဒေသခံ လူထု ၁၀၀ ကျော် တက်ရောက်ခဲ့သည်။ (KIC)

### JMC

ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၌ JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ နှစ်ဖက်လက်နက်ကိုင် တပ်ဖွဲ့များ၏ တပ်မှူးများ၊ နည်းပညာ အထောက်အကူပြု ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း (၆၀) ဦးခန့်ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာ၌ ပြုလုပ်သည့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်နေရေးကော်မတီ (JMC-S)နှင့် ဒေသခံများတွေ့ဆုံပွဲကို ပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲတွင် အပစ်ရပ်ကာလအတွင်း နှစ်ဖက်တပ်များ လိုက်နာရမည့် စည်းကမ်းများနှင့် ပတ်သက်၍ ပြည်သူများသိထားရန်လိုသည်ဟု မွန်ပြည်နယ် အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးမှ ပြောခဲ့သည်။ လူထုတွေ့ဆုံပွဲသို့ မွန်ပြည်နယ် JMC-S ကော်မတီ ဒုဥက္ကဌ နော်ဆာထူး၊ အဖွဲ့ဝင် ဗိုလ်မှူး

ကြီး ဝင်းနိုင်ဦးတို့ အပါအဝင် KNU တပ်မဟာ(၆)မှ ဗိုလ်မှူးကြီးစောဂျိုးစွာ၊ ဗိုလ်မှူးစောစဲနေထူး၊ ကော်မတီအဖွဲ့ဝင် ၁၃ ဦးတက်ရောက်ခဲ့ပြီး ဒေသခံလူထု ၃၀၀ ဝန်းကျင် တက်ရောက်ခဲ့သည်။ (KIC) (JCM)

ဖေဖော်ဝါရီ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ မြို့တော်ခန်းမ၌ (JMC) အဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များကို တနင်္သာရီတိုင်းဒေသကြီးအစိုးရ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ ရှင်းလင်း ပြောကြားခဲ့သည်။ ရှင်းလင်းပွဲသို့ တနင်္သာရီတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အပါအဝင် စုစုပေါင်း (၂၀၀) ဦးခန့် တက်ရောက်ခဲ့သည်။ (JMC)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ ပါဝင်တက်ရောက်သော JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ JMC-S (ကရင်) က ဦးဆောင်၍ ကရင်ပြည်နယ်၊ ဘားအံမြို့၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ JMC-U နှင့် JMC-S (ကရင်) အဖွဲ့ဝင်များ၊ လေ့လာသူများ၊ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု) အုပ်ချုပ်ရေးမှူးများနှင့် နည်းပညာအထောက်အကူပြုရုံးမှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း (၁၂၅) ဦး ပါဝင်တက်ရောက်ခဲ့သည်။ (JMC) (Military)

ဖေဖော်ဝါရီ ၂၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (တနင်္သာရီ) အဖွဲ့ဝင်များသည် ရေဖြူမြို့နယ်၊ ရေပုံး ကျေးရွာသို့ သွားရောက်၍ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားခဲ့သည်။ လူထုတွေ့ဆုံပွဲသို့ ရေပုံးကျေးရွာနှင့် အနီး ပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူလူထု စုစုပေါင်း (၄၅၀) ဦး ခန့် ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ သီရိဘားအံ ဟိုတယ်၌ ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ JMC ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ ကော်မတီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့်အဖွဲ့ဂင်များ၊ JMC-S အဖွဲ့ဂင်များ၊ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်/ မြို့နယ်များမှ တာဂန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ (Military)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် JMC-S (မွန်) က စီစဉ်ကျင်းပသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ (JMC) အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ နှစ်ဖက်လက်နက်ကိုင် တပ်ဖွဲ့များ၏ တပ်ရင်းတပ်မှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဂန်ထမ်းများနှင့် နည်းပညာ အထောက်အကူပြုရုံးဂန်ထမ်းများ စုစုပေါင်း (၅၁) ဦး ပါဂင်တက်ရောက်ခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် (JMC) ဆိုင်ရာများကို အသေးစိတ် ရှင်းလင်း ဆွေးနွေးခဲ့သည်။ (JMC) (Military) (Hinthar)

ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) (၁၃)ကြိမ်မြောက် အစည်းအဝေးအား ပြုလုပ်ခဲ့ပြီး၊ ကရင်ပြည်နယ် (JMC-S) ဥက္ကဋ္ဌ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် (JMC-S) အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (Military)

ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S)၏ အစည်းအဝေးခန်းမ၌ မွန်ပြည်နယ်(JMC-S)၏ (၁၃)ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ (Military)

၂၀၁၈ ခုနှစ် ဖေဖော်ဂါရီလ ၂၅ ရက်နေ့မှစတင်ခဲ့ပြီး ၂၇ ရက်နေ့အထိ (၃) ရက်တာ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) ၏ JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို DKBA ဌာနချုပ် ဆုံဆည်းမြိုင်၌ ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးကို DKBA ၏ ခေါင်းဆောင်များ၊ JMC-U မှ ဒုတိယဥက္ကဋ္ဌ (၂) အရပ်သား ကိုယ်စားလှယ် ဦးပြည့်စုံ ဦးဆောင်သော ကော်မတီဝင်များ၊ JMC-S ကရင်မှ အရပ်သား ကိုယ်စားလှယ်များ နှင့် နည်းပညာ အထောက်အကူပြုရုံးအဖွဲ့ဝင်များ စုစုပေါင်း (၁၀၀) ဦးခန့် တက်ရောက်ခဲ့သည်။ (JMC) (7day)

ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) (၁၂)ကြိမ်မြောက် အစည်းအဝေးအား တောင်ငူမြို့ရှိ JMC-S ကော်မတီရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ (Military)

ဖေဖေါ်ဝါရီလ ၂၅ရက်နေ့မှ ၂၇ရက်နေ့ထိ ကရင်ပြည်နယ် DKBA ဌာနချုပ် ဆုံဆည်းမြိုင်၌ ပစ်ခက်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ပတ်သတ်သည့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲ၌ အပစ်ရပ် စောင့်ကြည့်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ DKBA စစ်ဘက်ဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာအကြောင်းများ ဆွေးနွေးခဲ့ပြီး၊ အလုပ်ရုံဆွေးနွေးပွဲသို့ DKBAခေါင်းဆောင်များ၊ JMC-Uမှ ဒုတိယဥက္ကဋ္ဌ (၂) အရပ်သား ကိုယ်စားလှယ် ဦးပြည့်စုံ ဦးဆောင်သော ကော်မတီဝင်များ၊ JMC-S ကရင်မှ အရပ်သားကိုယ်စားလှယ် များနှင့် နည်းပညာ အထောက် အကူပြုရုံးအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (7Day) (JMC) (7Day)

**GOV**

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်ပြည်နယ်တွင်ရှိသည့် လူငယ်များ၏ ငြိမ်းချမ်းရေး စကားဝိုင်းကို မော်လမြိုင် တက္ကသိုလ်၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ (RFA) (Popular) (Hinthar)

**Party**

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၂၀၁၇ ကျောက်မျက်ဥပဒေမူကြမ်းအား ပြင်ဆင်ပေးရန် ကချင်ပြည်နယ်မှ ဒေသခံ ၅၀၀ ကျော်ခန့် စီတန်းလှည့်လည်ဆန္ဒ ထုတ်ဖော်ခဲ့သည်။ ဆန္ဒထုတ်ဖော်ပွဲကို ကချင် နိုင်ငံရေးပါတီများဖြစ် သည့် ကချင်ဒီမိုကရက်တစ်ပါတီ (KDP)၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)၊ ကချင်ကွန် ဂရက်ပါတီ(KNC)တို့မှ ဦးဆောင်၍ ပြုလုပ်ခဲ့သည်။ **"နံပါတ်တစ် တချက်က အကြီးစားလုပ်ကွက်ကို ပြန်လည်ဖော်ဆောင်ဖို့ ကြိုးစားလာတယ်။ နောက်တစ်ချက်က ကျနော်တို့ တကယ် သဘာဝပတ်ဝန်းကျင် တကယ်ထိခိုက်နေတဲ့ စက်ယန္တရား အကြီး ကြီးတွေကိုသုံးတာ။ ဒါကိုသူတို့မရပ်ဘူး။ အဲ့ဒီနှစ်ချက်က အဓိကပဲ"**ဟု လူထုဆန္ဒပြပွဲ ဦးဆောင်သူ ကချင်အမျိုးသားကွန်ဂရက် KNC ပါတီ ဥက္ကဋ္ဌ ဒေါက်တာ Mကောန်လမှ ပြောသည်။ (NMG) (Myitkyina News) (7Day)

NCA ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် မွန်ပြည်သစ်ပါတီ ဂုဏ်ပြုထောက်ခံပွဲကို ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ ချောင်းဆုံအနောက် စိန်ပါတီကွင်း၌ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြုလုပ်ခဲ့သည်။ ထောက်ခံပွဲသို့ ပြည်သူ ၁၅၀၀ ကျော်ခန့် တက်ရောက်ခဲ့သည်ဟု မွန်ပြည်နယ် ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူး ဦးဝင်းမော်ဦးမှ ပြောသည်။ (Mizzima) (DVB)

## အရပ်ဘက်စစ်ဘက်ဆက်ဆံရေး

ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် မြစ်ကြီးနားမြို့ စုပေါင်းရုံး၌ လုပ်ငန်းရှင်များနှင့် ပြည်နယ်လုံခြုံရေး၊ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်တို့ မှုခင်းကျဆင်းရေး၊ နယ်မြေလုံခြုံရေးကိစ္စများနှင့်ပတ်သတ်၍ ဆွေးနွေးခဲ့ပြီး၊ ဗိုလ်မှူးကြီးသူရမျိုးတင်မှ ကချင်ပြည်နယ်တွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေသည့် အတွက် တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးများ ဆောင်ရွက်ရာတွင် အားနည်းချက်များ ရှိကြောင်းပြောကြားခဲ့သည်။ (RFA)

ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် နေပြည်တော်၌ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မိုးကောင်း မဲဆန္ဒနယ် ကိုယ်စားလှယ် ဦးဂင်းနိုင် မေးမြန်းသည့်” **မြစ်ကြီးနား- ရွှေဘို-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးကောင်းမြို့နယ်တွင်း လမ်းပိုင်းနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့် လမ်းပိုင်းတို့အား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း”** ကိုဆောက်လုပ်ရေး ဒုဝန်ကြီး ဦးကျော်လင်းမှ တံတားတွေ မိုင်းခွဲဖျက်ဆီးခံထားရပြီး သွားလာရေးပြတ်တောက်နေသည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပိုင်းကို လာမယ့် ၂ ပတ်အတွင်း သွားလာလို့ရအောင် ဆောင်ရွက်ဖို့ ရည်မှန်းထားကြောင်း ပြန်လည် ဖြေကြားခဲ့သည်။ (Popular)

## ထုတ်ပြန်ချက်

မြစ်ကြီးနား-ဆွမ်ပရာ ဘွမ်-ပူတာအိုလမ်းပေါ်ရှိ တံတား ခြောက်စင်း တည်ဆောက်မည့် အစီအစဉ်ကို မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့ တိုက်ပွဲများကြောင့် ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဖေဖော်ဝါရီ ၁၄ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းကြောင်းကို **“ဘယ်နေ့ပြန်ဆောက်နိုင်မယ်ဆိုတာ လုံခြုံရေးယူထားတဲ့ တပ်နဲ့ပဲဆိုင်တယ်။ ဒီလမ်းကြောမှာ တံတားနှစ်စင်းလည်း ဖျက်ဆီး ခံထားရတယ်”**ဟု ကချင်ပြည် နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်မှ ပြောခဲ့သည်။ (7Day)

ဖေဖော်ဂါရီ ၁၉ ရက် နံနက် ၇ နာရီခန့်တွင် ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်ရှိ ဆွမ်ပရာဘွမ်-ပူတာအို သွားကားလမ်း မိုင်တိုင်အမှတ်၊ ၁၄၇/၆-၇ ၊ တံတားအမှတ်၊ ၆/၁၄၈ ၊ အရှည် ၂၃၅ ပေ သံဘောင် ဘေလီတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရသည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး မှ သတင်းထုတ်ပြန်ခဲ့သည်။ (Military)

ဖေဖော်ဝါရီ (၁၉) ရက်နေ့တွင် ကချင်ပြည်နယ်လီဒိုလမ်း ကျေးရွာ (၂၅) ရွာမှ ပြည်သူများ အရေးအပေါ် အစည်းအဝေးတစ်ခု Wa Ra Zup (ဝါရာဇွပ်) ကျေးရွာတွင် ပြုလုပ်ခဲ့ပြီး ထုတ်ပြန်ချက်တစောင်ထုတ်ပြန်တောင်းဆိုခဲ့သည်။ ရွာသားများသည် ထွက်ပြေးစရာ နေရာမရှိသောကြောင့် ကျေးရွာများတွင်သာ ဆက်လက်နေထိုင်မည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် မြန်မာအစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)တို့ကြား တိုက်ပွဲများကြောင့် လီဒိုလမ်းမ ကျေးရွာများမှာ စစ်ပြေးဒုက္ခသည်များ သဖွယ် အခက်အခဲများနှင့် ရင်ဆိုင် ရပ်တည်နေရပြီး ဖမ်းဆီး ချုပ်နှောင် နှိပ်စက်ခံရခြင်းတို့ ဖြစ်ပေါ်နေကြောင်းလည်း ဒေသခံ ရွာသားများမှ ပြောဆိုခဲ့သည်။ (KachinNew)

ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ချင်းပြည်နယ် ဟားခါးမြို့ ဝမ္ဘသူးမောင် အားကစားကွင်း၊ ဖလမ်းမြို့ ဟရန်ထီးယို အားကစားကွင်း၊ မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် အင်းလည်ကုန်းကျေးရွာ၊ စစ်ကိုင်းတိုင်း မုံရွာမြို့၊ မြို့တော် ခန်းမ၊ မန္တလေးမြို့နှင့် နေပြည်တော်တို့ တွင် ချင်းအမျိုးသားနေ့ အခမ်းအနားကို ပြုလုပ်ခဲ့သည်။ နေပြည်တော်၌ ပြုလုပ်သည့် ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်မှ မိန့်ခွန်း ပြောကြားခဲ့ပြီး၊ နိုင်ငံတော်သမ္မတဦးထင်ကျော်မှလည်း ချင်းအမျိုးသားနေ့ အခမ်း အနားသို့ပေးပို့သည့် သဝဏ်လွှာတစောင်ပေးပို့ခဲ့သည်။ (MOI) (PresidentOffice) (Irrawaddy) (DVB) (Popular) (StOffice)

ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ကျရောက်သည့် နှစ် ၇၀ မြောက် ချင်းအမျိုးသားနေ့၌ ချင်းအမျိုးသားတပ်ဦးမှ ထုတ်ပြန်ချက် တစောင်ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် ချင်းအမျိုးသားနေ့၏ အနှစ်သာရမှာ မိမိကြမ္မာမိမိဖန်တီးခြင်းနှင့် အမျိုးသား ဂုဏ်အင်လက္ခဏာ ထိန်းသိမ်းခြင်းတို့ ဖြစ်သည်ဟု (CNF)မှ ပြောဆိုခဲ့သည်။ (TheLadies)

မြန်မာနိုင်ငံသား မှတ်ပုံတင် ကတ်ပြားကိုင်ဆောင်ထားသော '၀'တိုင်းရင်းသားလူမျိုးများကို ခရီးသွားလာခွင့် ပိတ်ပင်ကန့်သတ်သည့်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာက အမြန်ဆုံး အဆင်ပြေအောင် ဆောင်ရွက်ပေးရန် '၀' နိုင်ငံရေးပါတီနစ်ခု ဖြစ်သော '၀' ဒီမိုကရက်တစ်ပါတီ နှင့် '၀' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ပူးပေါင်း၍ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (7day) (Irrawaddy) (7day) (Mizzima)

ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ စတင်ပြီး ၂၂ ရက်နေ့ထိ ကျင်းပခဲ့သော RCSS/SSA ၏ ကွန်ဂရက် အပြီးတွင် ငြိမ်းချမ်းရေးနှင့် ပတ်သတ်သော သဘောထားအမြင်ပါရှိသည့် ကြေညာချက် တစောင်အား ဖေဖေါ်ဝါရီလ ၂၂ရက်နေ့ ရက်စွဲဖြင့် RCSS မှ ထုတ်ပြန်ခဲ့သည်။ (7day)

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရိုးမဘဏ်ခွဲကို ဗုံးထောင် ဖောက်ခွဲခဲ့ခြင်းနှင့် ပတ်သတ်၍ မြန်မာနိုင်ငံအခြေစိုက် ဗြိတိန်သံရုံး က ဖေဖော်ဝါရီ ၂၃ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။** (BritishEmbassy) (mmtime)

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ လားရှိုးမြို့ရှိ ရိုးမဘဏ် မိုင်းပေါက်ကွဲခြင်းနှင့် ပတ်သတ်၍ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ ရက်စွဲဖြင့် သဘောထား ကြေညာချက် တစောင်အား ထုတ်ပြန်ခဲ့သည်။ (StOffice) (DVB) (VOA) (7day)

ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ စတင်ပြီး ၂၅ ရက်နေ့အထိ ချင်းမိုင်မြို့တွင် ပြုလုပ်ခဲ့သော ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ (UNFC) ၏ ပုံမှန်အစည်းအဝေးအပြီးတွင် ကြေညာ ချက်တစောင် ထုတ်ပြန်ခဲ့ပြီး၊ ကြေညာချက်တွင် လက်ရှိကောင်စီအဖွဲ့ဝင်အဖွဲ့အစည်းများ ဆက်လက်တည်ရှိခြင်းအပြင် ယခင်စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့ကြသော ကချင် အမျိုးသားအစည်းအရုံး(KNO)နှင့် အဖွဲ့ဝင်အဖြစ်မှ ယာယီရပ်စဲထားသည့် ချင်းအမျိုးသားတပ်ဦး (CNF) ကို လာမည့် ဇူလိုင်လတွင် ကျင်းပမည့် အရေးပေါ်ညီလာခံတွင် အဖွဲ့ဝင် အဖွဲ့

အစည်းများအဖြစ် ပြန်လည်လက်ခံသွားရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်း ဖော်ပြခဲ့ပြီး NCA လမ်းကြောင်းအတိုင်း အစိုးရနှင့် ဆက်လက် ညှိနှိုင်းသွားမည်ဟုလည်း ဖော်ပြခဲ့သည်။ (Khonumthung) (UNFCENG) (UNFC) (ArakanArmy) (RFA) (NMG) (7day) (VOA) (Mizzima) (Irrawaddy) (DVB) (RFA)

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မောင်းတော်မြို့နယ် ဟိုကေဒေကုန်း ကျေးရွာအနီး၌ မိုင်းတလုံးတွေ့ရှိခဲ့ပြီး မြန်မာ့တပ်မတော်မှ မိုင်းအား သက်မဲ့ပြုလုပ်ခဲ့ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military)

## သဘောထားမှတ်ချက်

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့အကြား တိုက်ပွဲများကြောင့် မြစ်ကြီးနား-ပူတာအို-ဆွမ်ပရာဘွမ်လမ်းပိုင်းရှိ တံတားများ၊ လမ်းများမှာ ဇန်နဝါရီလကုန်ပိုင်းမှစ၍ ဖျက်ဆီးခံရသဖြင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများရပ်တန့်ကာ ကုန်စျေးနှုန်း အလွန်ကြီးမြင့်လာနေသဖြင့် ဒေသခံများက လွှတ်တော်သို့တင်ပြရန် တိုက်တွန်းလျက်ရှိကြောင်း ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးမိုးရွှေမှ ပြောခဲ့သည်။ (Irrawaddy)

မတ်လ ၂၂ ရက်နေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့၌ ကျင်းပမည့် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် KBC ရဲ့သင်းလုံးကျွတ်အစည်းအဝေးတွင် မြန်မာနိုင်ငံအတွင်း စစ်ဘေးရှောင်တွေ နေရပ်ပြန်နိုင်ရေးအတွက် ဆွေးနွေးသွားမည်ဟု KBC ရဲ့ပြောရေးဆိုခွင့်ရှိသူ ဆရာ Reverend Samson မှပြောခဲ့သည်။ (Popular)

**ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လားရှိုးမြို့ ရှိုးမဘက် ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး တအာန်းလွတ်မြောက်ရေး တပ်မတော် (TNLA) အဖွဲ့မှ လုပ်ဆောင်ခြင်း မဟုတ်ကြောင်း TNLA ၏ ပြောရေးဆိုခွင့်ရှိသူ မိုင်းအိုက်ကျော်က အတည်ပြု ပြောဆိုခဲ့သည်။** (Mizzima)

တိုက်ပွဲနှင့် မြေမြုပ်မိုင်းများကြောင့် ပိတ်ထားရသည့် ကျုံထော်ရေတံခွန်ကို ဖေဖေါ်ဝါရီလကုန်တွင် ပြန်လည်ဖွင့်လှစ်ရန်ရှိသည်ဟု ကရင်ပြည်နယ်နယ်ခြားစောင့်တပ် BGF ၏ တာဝန်ရှိသူမှ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြောဆိုခဲ့သည်။ (Popular)

မွန်လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမကျင်းပမီ အကြိုလူထုတွေ့ဆုံပွဲများကို မွန်ပြည်သစ် ထိန်းချုပ်နယ်မြေများ ဖြစ်သည့် သထုံခရိုင်၊ မော်လမြိုင်ခရိုင်၊ ထားဝယ်ခရိုင်၊ ဗဟိုဌာနချုပ်ဝန်းကျင် ၄ နေရာနှင့် ရန်ကုန်-ပဲခူးတိုင်းဒေသကြီးတွင် တစ်နေရာ ကျင်းပသွားရန် စီစဉ်ထားသည် ဟုမွန်ပြည်သစ်ပါတီ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်မှ ပြောခဲ့သည်။ (MonNews)

## တိုင်းရင်းသားပါတီများ

ရခိုင်အမျိုးသားပါတီ(ANP) ၏ ဒုတိယအကြိမ် ညီလာခံကို ၂၀၁၈ ခုနှစ် အစောပိုင်းကာလတွင် ပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း နိုင်ငံရေးအကြပ်အတည်းတချို့ ရှိနေသေးသောကြောင့် ယခုနှစ်တွင် ပြုလုပ်ဖြစ်တော့မည်မဟုတ်ဟု ရခိုင်အမျိုးသားပါတီ ဒုဥက္ကဋ္ဌ ဦးခိုင်ပြည်စိုးမှ ပြောခဲ့သည်။ (Mizzima)

ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ရခိုင်အမျိုးသားပါတီ ANPမှ နုတ်ထွက်ခဲ့သည့် စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇော်ဦးမှ **"အဖရခိုင်ပါတီ"** ဟု အမည်ရသည့် ပါတီသစ်တစ်ခုကို တည်ထောင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ လျှောက်ထားလိုက်သည်ဟု ၎င်း၏ ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။ (RFA)

ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် မြစ်ကြီးနားမြို့၊ စီတာပူမနောဝင်းရှိ မဂ္ဂယ်ခန်းမတွင်ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းရေး ကော်မတီ၏ အစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ကချင်နိုင်ငံရေးပါတီ ၃ ခုက ပေါင်းစည်းလိုက်သည့် ပါတီသစ်ကို ကချင်အမျိုးသားကွန်ဂရက်ပါတီ KNCP အဖြစ် ခေါ်ဆိုရန် ယာယီ သတ်မှတ်ထားပြီး မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြသည်ဟု ပါတီခေါင်းဆောင်များမှ ပြောခဲ့သည်။ (Kachinwaves) (NMG) (Mizzima) (RFA) (TheLadies) (Mizzima)

မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့အား ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တွင် တရားဝင်ထည့်သွင်းရန် ကိစ္စကို အစိုးရနှင့် အမြန်ဆုံးညှိနှိုင်းမည်ဟု ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO) နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာက ဖေဖော်ဝါရီလ ၂၃ရက်နေ့တွင် ပြောခဲ့သည်။ (TheLadies)

ကချင်ပြည်နယ်ရှိ မိဘမဲ့ ကလေးများနှင့် စစ်ဘေးရှောင်စခန်းများရှိ (ကချင်ပြည်နယ် တောင်တန်းသာသနာပြု ပရဟိတကျောင်းနှင့် စစ်ဘေးရှောင်စခန်း များဖြစ်သည့် မိုင်နား၊ ဇီးလွန်၊ မန်ဝိန်စခန်းများရှိ) အသက်(၁၈) နှစ်မှ (၂၅)နှစ်ကြား လူငယ်များအတွက် မတ်လ ဒုတိယပတ်အတွင်း ၄၅ရက်ကြာမည့် အခမဲ့ဆိုင်ကယ်ပြင်သင်တန်းများအား ဖွင့်လှစ် ည်ဖြစ်ကြောင်း ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးယောအောင်မောင်းက ပြောခဲ့သည်။ (7day)

## ထူးခြားဖြစ်စဉ်

ဖေဖော်ဝါရီ ၁၄ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ရိုက်တာသတင်းသမားနှစ်ဦးဖြစ်သော ကိုကျော်စိုးဦးနှင့်ကိုသက်ဦးမောင် တို့အား ရုံးထုတ်စစ်ဆေးခဲ့သည်။ (Popular) (MyanmarTime) (TheLadies) (DVB) (VOA) (Mizzima) (RFA) (Irrawaddy)

ရှမ်းပြည်နယ်အရှေ့ ပိုင်းကျိုင်းတုံ - မိုင်းခတ်လမ်း ပိုင်းတွင် 'ဂ'လူမျိုးများ လွတ်လပ်စွာသွားလာခွင့်မရဖြစ်နေကြောင်း 'ဂ'လက်နက်ကိုင်အဖွဲ့ (UWSA) လားရှိုးမြို့ဆက်ဆံရေးရုံး ဒုတိယ တာဝန်ခံ ဦးညီရန်းမှ ပြောခဲ့သည်။**"ဒီမိုင်းခတ်နဲ့ ကျိုင်းတုံကြားမှာလေ။ ရှိနေတဲ့ ဂိတ်တာပုံဂိတ်တွေ အဲဒီမှာ ကျနော်တို့ ဂလူမျိုး မှတ်ပုံတင် ကိုင်ဆောင်ထားတဲ့ သူတွေ ဖြတ်သန်းသွားလာခွင့် မပြုဘူး။ ၁ဂရက်ကျော်ပြီ။ ဂိတ်ကပေါ့၊ ရဲ၊ လဝက၊ စစ်တပ်ပေါ့။ အထက်က ညွှန်ကြားချက်လို့ပဲ ပြောတာပဲ။ နိုင်ငံတော်အစိုးရနဲ့ ကျနော်တို့ ငြိမ်းချမ်းရေးယူတာ ၂၉ နှစ်ထဲ ဝင်ပါပြီ၊ ဒါမျိုး အဖြစ် အပျက်မျိုးက တခါမှတော့ မကြုံဖူးပါဘူး။ ရှိလည်း မရှိခဲ့ဖူးဘူး။** "ဟုပြောခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သတ်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ကော်မရှင်မှ ညှိနှိုင်းဆောင်ရွက်ပေးနေသည်ဟု ကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးမှပြောခဲ့သည်။ (7Day) (VOA) (RFA)

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် မြန်မာ့တပ်မတော်ကို ဂုဏ်သိက္ခာညှိုးနွမ်းစေမှုဖြင့် တရားစွဲဆို ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ၏ ပြန်ကြားရေး ဒုတာဝန်ခံ ဗိုလ်မှူးခိုင်မျိုးထွန်းသည် ပြစ်ဒဏ်ရက်စေ့သည့်အတွက် ပြန်လည်လွတ်မြောက်လာခဲ့သည်။ (RFA)

ဆွမ်ပရာဘွမ်မြို့နယ်ရှိ ကျေးရွာငါးရွာမှ မူလတန်းနှင့် အလယ်တန်းကျောင်းများသို့ စာမေးပွဲ မေးခွန်းပေးပို့ရန်အတွက် လမ်းအခြေအနေသည် မိုင်းခွဲထားခြင်းများနှင့် နယ်မြေမတည်ငြိမ်မှုများ ကြောင့် စာမေးပွဲ ပြုလုပ်နိုင်ခြင်း မရှိခဲ့ကြောင်း ဆွမ်ပရာဘွမ်မြို့နယ် ပညာရေးမှူး ဦးသက်လွင်မှ ဖေဖေါ်ဝါရီလ ၂၃ရက်နေ့တွင် ပြောဆိုခဲ့သည်။ (KachinWaves) (BBC)

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် စစ်တွေမြို့တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုဖြစ်စဉ်များတွင် သံသယရှိမှုဖြင့် ရခိုင်အမျိုးသားကောင်စီ (ANC)မှ ဦးနိုင်စိုးအား စစ်တွေမြို့ရှိ ၄င်းမိဘများ၏နေအိမ်တွင် ဖမ်းဆီးခဲ့သည့် အပေါ် ANC မှ ဦးနိုင်စိုးသည် အဆိုပါ ဗုံးပေါက်ကွဲမှု ဖြစ်စဉ်နှင့် ပါဝင်ပတ်သတ်ခြင်း မရှိသောကြောင့် အမြန်ဆုံးပြန်လွတ်ပေးပါရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ စာရေးသားတောင်းဆိုခဲ့သည်။ (TheLadies) (TheLadies) (AakanArmy) (UNFC) (Arakan Army)

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် စစ်တွေဒေသခံများဖြစ်သော ဦးတင်မြင့်ရွှေနှင့် မောင်မြင့်ရွှေတို့အား စစ်တွေမြို့တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှု ဖြစ်စဉ်များတွင် သံသယရှိမှုဖြင့် ဖမ်းဆီးခဲ့သည်။ (7day) (mmtime) (narinjara)

ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် မူဆယ်မြို့အဝင် မုန်ဦးနှင့် မလုမ်းမကမ်းနေရာ၌ လမ်းဘေးဓာတ်တိုင်တွင် ချိတ်ထားတာသော မိုင်းအား တွေ့ရှိခဲ့ပြီး မြန်မာ့တပ်မတော်နှင့် ရဲတပ်သားများမှ ရှင်းလင်းခဲ့သည်။ (7day) (Popular)

ဖေဖော်ဝါရီလ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဖြစ်သော Zero Line Area အတွင်းတွင်နေထိုင်သော ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ် ဘက်သို့ ကူးပြောင်းသွားကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ပြောခဲ့သည်။ (Mizzima)

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၁၂ ရက်နေ့အထိ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ JMC- S (Mon) ဦးဆောင်မှုဖြင့် KNU၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အပါအဝင် ဌာနဆိုင်ရာ တချို့ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ပြုလုပ်သွားမည် ဖြစ်သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို ပြုလုပ်သွားမည်ဖြစ်ရာ ဖွင့်ပွဲ အပါအဝင် ဗိုလ်လုပွဲအထိ ပွဲပေါင်း ၉ ပွဲ ယှဉ်ပြိုင်မည် ဖြစ်သည်။ ပြိုင်ပွဲဝင် အသင်းများတွင် မွန်ပြည်နယ် ထွေအုပ်၊ KNU တပ်မဟာ (၁)၊ တပ်မတော် (၆) ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့၊ မော်လမြိုင် Old Star တို့ပါဝင် ယှဉ်ပြိုင်မည် ဖြစ်သည်။ (Hinthar)

ဖေဖော်ဂါရီလ ၂၈ ရက်နေ့တွင် အင်းစိန် မြို့နယ်၊ မြောက်ပိုင်းခရိုင်တရားရုံး၌ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေပုဒ်မနှင့် စွပ်စွဲဖမ်းဆီးခံထားရသည့် ရိုက်တာသတင်းထောက်နှစ်ဦးကို ရုံးထုတ်ကာ တရားလိုပြသက်သေများဖြစ်သည့် ထောက်ကြန့်မြို့နယ် ဆောင်းရိပ်မြုံစားသောက်ဆိုင်ပိုင်ရှင်ဒေါ်မြင့်မြင့်ဌေးနှင့် ရာအိမ်မှူးဦးကျော်ရှိန်တို့ကိုစစ်ဆေးခဲ့သည်။ (Popular) (7Day)

## နိုင်ငံတကာဆက်ဆံရေး

ရန်ကုန်မြို့ရှိ နော်ဝေသံရုံး၏ ဖိတ်ကြားချက်အရ နော်ဝေနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းများအား လေ့လာရန်အတွက် JMC အဖွဲ့ဝင်များသည် နော်ဝေနိုင်ငံသို့ ဖေဖော်ဝါရီလ (၁၉) ရက်နေ့မှ (၂၁) ရက်နေ့အထိ ၃ ရက်ခန့်အထိ သွားရောက်မည်ဖြစ်သည်။ သွားရောက်မည့်အဖွဲ့ဝင်များမှာ JMC ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အပါအဝင် အစိုးရကိုယ်စားလှယ် (၆) ဦး ၊ EAO ဘက်မှ ကိုယ်စားလှယ် (၆) ဦး နှင့် အရပ်သားကိုယ်စားလှယ် (၅) ဦး စုစုပေါင်း ၁၇ ဦး ဖြစ်သည်။ (TaiFreedom)

ဖေဖော်ဝါရီ ၁၄ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂ (MICC-II) ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းတို့ တွေ့ဆုံခဲ့ပြီး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး တရုတ်နိုင်ငံမှ ဆက်လက် အကူအညီ ပေးသွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (TheLadies)

ဖေဖော်ဝါရီ ၁၄ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂ (MICC-II) ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံ ဒုတိယ အမျိုးသား အကြံပေး ပုဂ္ဂိုလ် H.E.Mr.Rajinder Khanna၊ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်နှင့် တာဝန် ရှိသူများ တက်ရောက်ခဲ့သည်။ (TheLadies)

ဖေဖော်ဂါရီ ၁၄ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ထိုင်းဘုရင့်ရေတပ်အမှတ်(၃) ရေတပ်ကွပ်ကဲမှုဌာနချုပ်မှ စစ်ရေ ယာဉ် H.T.M.S Chaophraya (FF 455) သည် မြိတ်မြို့သို့ရောက်ရှိခဲ့ရာ တနင်္သာရီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဖွဲဝင်းမြင့်နှင့်တာဝန်ရှိသူများမှ ကြိုဆိုခဲ့သည်။ (Military)

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန်နှင့် ထိုင်းဘုရင်မင်းမြတ်မှပေးအပ်မည့် “The Knight Grand Cross(First Class) of the Most Exalted Order of the White Elephant” အပ်နှင်းခြင်း အခမ်းအနားတက်ရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီ ၁၅နေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့သည်။ (MOI) (Military)

**ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ ငြိမ်းချမ်းရေးတည်တံ့ရန် အခြေခံအုတ်မြစ်အဖြစ် လိုအပ်သော ယုံကြည်မှုတည်ဆောက်ရန် ပဋိပက္ခဖြစ်ပွားနေသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအရေးပါကြောင်း ထုတ်ပြန်ခဲ့သည်။** (7Day)

ဖေဖော်ဝါရီ ၁၆ရက်နံနက်ပိုင်းတွင် ထိုင်းဘုရင်မင်းမြတ်က ပေးအပ်ချီးမြှင့်သည့် မြင့်မြတ်သော ဆင်ဖြူတော်ဝင်သူရဲကောင်းဘွဲ့တံဆိပ်(ပထမအဆင့်) "The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant" အပ်နှင်းခြင်းအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဆုလက်ခံခဲ့သည်။ (Military)

**၂၀၁၇ ခုနှစ် ဒီဇင်ဘာလက အစိုးရစစ်သားများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည့် ကရင်နီ အမျိုးသား ၄ ဦး သတ်ဖြတ်ခံရမှုနှင့် ပတ်သက်ပြီး လွတ်လပ်ပြီး သမာသမတ်ကျ ထိရောက်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးရန် မြန်မာအစိုးရသို့ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး AI မှ ကြေညာချက်ထုတ်ပြန် တောင်းဆိုခဲ့သည်။** (RFA)

ဖေဖော်ဝါရီ ၂၀ရက်နေ့ ညနေ ၆နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံ ရေးထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စုလွှတ်တော်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည် ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်နှင့် ဦးကျော်တင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဦးဝင်းမော် ထွန်း၊ ဦးမောင်မောင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့သည်။ (SC Office)

**ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ KNPP ဆက်ဆံရေးရုံးတွင် အမေရိကန်သံအမတ် စကော့မာစီရယ်နှင့် ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ(KNPP)မှ တာဝန်ရှိသူများ တနာရီကျော်ကြာ တွေ့ဆုံ ဆွေးနွေးခဲ့ပြီး၊ စကော့မာစီရယ်မှ NCA လက်မှတ်ထိုးပြီး ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်ရန် တိုက်တွန်းခဲ့သည်။** (7day)

**ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော ရာဇဝတ်မှုများနှင့် ပတ်သတ်၍ မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မင်းအောင်လှိုင်အား နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (International Criminal Court) တွင် အရေးယူနိုင်အောင် ဗြိတိန်အစိုးရက ကြိုးပမ်းပေးရန် ဗြိတိန် လွှတ်တော်အမတ် ၁၀၀ ကျော်မှ တောင်းဆိုခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်များကို ပါဝင်ရန် တိုက်တွန်းထားသည့် စာတစောင်ကိုလည်း ဖေဖေါ်ဝါရီလ၂၁ ရက်နေ့ ရက်စွဲဖြင့် ပေးပို့ခဲ့သည်။** (VOA) (BBC) (BritainMP) (GreenWatch)

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ စီတာပူ၊ မနောကွင်းရှိ မဂ္ဂလာခန်းမ၌ ဥရောပ သမဂ္ဂ (EU) အဖွဲ့က ကိုယ်စားလှယ်များနှင့် ကချင်နိုင်ငံရေးပါတီ ၃ ပါတီ ပူးပေါင်းအဖွဲ့တို့ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ ကချင်နိုင်ငံရေးပါတီ ၃ ပါတီက ခေါင်းဆောင်များနှင့် ဥရောပသမဂ္ဂ EU အဖွဲ့ဝင်နိုင်ငံများက ကိုယ်စားလှယ် ၁၈ ဦးတို့ ပါဝင်ဆွေးနွေးခဲ့သည်။ တွေ့ဆုံရာတွင် ဥရောပသမဂ္ဂအဖွဲ့မှ ကချင်စစ်ရှောင်ဒုက္ခသည်များကို ပြန်လည်ထောက်ပံ့ရေးအတွက် စဉ်းစားမည်ဟု ပြောဆိုခဲ့သည့် အပြင် NCA စာချုပ်နှင့် ပတ်သတ်၍လည်း ဆွေးနွေးခဲ့သည်။ (NMG) (TheLadies)

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဖွဲ့ဝင်များနှင့် နည်းပညာ အထောက်အကူပြုရုံးမှ တာဝန်ရှိသူများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို လေ့လာရန်အတွက် နီပေါနိုင်ငံသို့ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ စတင်ပြီး ၂၇ ရက်နေ့ထိ သွားရောက်ခဲ့သည်။ နီပေါခရီးစဉ်သို့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့ဝင် (၁၂) ဦးနှင့် နည်းပညာ အထောက်အကူပြုရုံးအဖွဲ့မှ တာဝန်ရှိသူ (၂) ဦး စုစုပေါင်း ကိုယ်စားလှယ် (၁၄) ဦး လိုက်ပါသွားခဲ့သည်။ (JMC)

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E. Mr. VikramMisri တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်ရှိ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး UEHRD နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည့် အကြောင်းအရာများလည်း ဆွေးနွေးခဲ့သည်။ (MOI)

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mrs. DorotheeJanetzke-Wenzel နှင့် အတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲဖြစ်သူ Ms. JuttaKranz-Plote တို့အား အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် အားလုံးအကျုံးဝင်သောလူမှုကာကွယ် စောင့်ရှောက်ရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေး နှင့် ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများ ဆောင်ရွက် နေ မှုများ၊ ဂျာမနီနိုင်ငံ ၏ ဖွံ့ဖြိုးတိုး တက်ရေးပူးပေါင်းဆောင်ရွက်မှုဌာနမှ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး၊ သက်မွေးဝမ်း ကျောင်း သင်တန်းများပေးနိုင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာနစ်သိမ့်ဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး UEHRD မှတဆင့် ထောက်ပံ့ကူညီနိုင်မည့်ကိစ္စများအား ဆွေးနွေးခဲ့သည်။ (MOI)